## **သဘာဝရွက်ဖျန်းမြေဩဇာအရည်ပြုလုပ်ခြင်း**

သဘာဝမြေဩဇာအရည်သည် မြေဆီဩဇာ ကောင်းမွန်ပြီး အပင်ကြီးထွားရန်အတွက် အဓိကလိုအပ်သော အာဟာရဓာတ်များပါဝင်သည်။ သဘာဝနည်းဖြင့် ပိုးမွှား၊ ရောဂါကျရောက်မှုလျော့နည်းစေပြီး ဓာတုပိုးသတ်ဆေးများ သုံးစွဲမှုကိုလျှော့ချရန် ရည်ရွယ်ပါသည်။ အပင်များအတွက် အရေးပါသော အာဟာရဓာတ်များဖြစ်သည့် နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်နှင့် ပိုတက်စီယမ်၊ ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ်ဓာတ်များကို ပံ့ပိုးပေးရန်အတွက် နွားကျင်ငယ်ရည်၊ နွားချေးနှင့် သစ်သားပြာများကို အသုံးပြုထားပါသည်။ သဘာဝမြေဩဇာအရည်တွင် ပါဝင်သော တမာရွက်သည် ပိုးမွှားကျရောက်မှုကို ကာကွယ်ပေးပြီး စိုက်ပျိုးဂေဟနစ်ကို မြှင့်တင်ပေးသော သဘာဝပိုးသတ်ဆေးဖြစ်သည်။ ယေဘူယျအားဖြင့် ရည်ရွယ်ချက်မှာ မြေဆီဩဇာကောင်းမွန်ရန်၊ အပင်ကျန်းမာသန်စွမ်းရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖြစ်ရန် ဖြစ်သည်။

### **လိုအပ်သောပစ္စည်းများ**

| **စဉ်** | **အမျိုးအမည်** | **ပမာဏ** |
|---|---|---|
| ၁။ | တမာရွက် | ၁ ပိဿာ ၂၀ ကျပ်သား |
| ၂။ | နွားချေး | ၁ ပိဿာ ၂၀ ကျပ်သား |
| ၃။ | သစ်သားပြာ | ၃၀ ကျပ်သား |
| ၄။ | အသင့်သုံးအီးအမ် | (၁) လီတာ |
| ၅။ | နွားကျင်ငယ်ရည် | (၂) လီတာ |
| ၆။ | ရေ | (၁၀) လီတာ |
| ၇။ | ပလပ်စတစ်ပုံး | (၁) ပုံး |

ပြုလုပ်ပုံအဆင့်ဆင့်

အဆင့် ၁။ တမာရွက်များကို နုတ်နုတ်စဉ်းပါ။

အဆင့် ၂။ တမာရွက်၊ နွားချေးနှင့် သစ်သားးပြာတို့ကို နှံ့စပ်အောင် ရောနှော၍ အိတ်ထဲသို့ ထည့်ပါ။

အဆင့် ၃။ နွားကျင်ငယ်ရည် (၂) လီတာကို ပုံးထဲသို့ လောင်းထည့်ပါ။

အဆင့် ၄။ အရောအနှောများထည့်ထားသော အိတ်ကို နွားကျင်ငယ်ရည်ထည့်ထားသည့် ပုံးထဲသို့ ထည့်ပါ။

အဆင့် ၅။ ရေ (၁၀) လီတာနှင့် အသင့်သုံးအီးအမ် (၁) လီတာတို့ကို ရောနှောထားသောပုံးထဲသို့ လောင်းထည့်ပြီး သမအောင် မွှေပေးပါ။

အဆင့် ၆။ ပုံးကို အဖုံးလေလုံအောင်ပိတ်ပြီး အချဉ်ဖောက်ရန်အတွက် အရိပ်အောက်တွင် ထားပါ။

အဆင့် ၇။ (၃) ရက်ကြာပြီးနောက် တစ်ရက်လျှင် (၂) ကြိမ်ခန့် တုတ်ဖြင့် နှံ့စပ်အောင် မွှေပေးပါ။

အဆင့် ၈။ အပူချိန်ပေါ်မူတည်၍ (၂- ၃)ပတ်ကြာပြီးနောက် အချဉ်ဖောက်ထားသော သဘာဝရွက်ဖျန်း မြေဩဇာအရည်ကို စတင်အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

****အသုံးပြုရန်နှုန်းထား။** (၄) ဂါလံဆေးဖျန်းပုံးတစ်ပုံးလျှင် ဆေးရည် ရေသန့်ဘူး (၁) ဘူး ရောစပ်ပက်ဖျန်းပါ။